# ဘုရားထောင်ပျူအရိုးအိုးစာလေ့လာချက်

## ပါရဂူ (Ph.D.) ဘွဲ့အတွက်တင်သွင်းသောကျမ်း

မညိမ်းညိမ်း (မဟာဝိဇ္ဇာ)

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

ဒီဇင်ဘာလ၊ ၂၀၀၃ ခုနှစ်

# ကျမ်းအနှစ်ချုပ်

ဘုရားထောင် အရိုးအိုးစာများသည် အေဒီ ၇ - ၈ ရာစုခန့်အတွင်း ရေးထိုးထားသည့် အလှူမှတ်တမ်း ပျူအရိုးအိုးစာဖြစ်သည်။ အရိုးအိုး တွေ့ရှိရာနေရာသည် သရေခေတ္တရာ မြို့ဟောင်း မှော်ဇာကျေးရွာမှ ဘုရားထောင်ဘုရားအနီး အမှတ် ၃၁ ကုန်းဖြစ်သည်။ ထိုအမှတ် ၃၁ ကုန်းသည် အရိုးအိုး ဌာပနာထားရာ စေတီပျက်ဖြစ်၍ အဓိကကျသည်ဖြစ်ရာ တူးဖော်မှုပြုခဲ့သည့် ရှေးဟောင်းသုတေသန ပညာရှင်တို့၏ အယူအဆကိုလည်း လေ့လာ ထားသည်။ ဘုရားထောင် ဘုရားသမိုင်းနှင့် သရေခေတ္တရာပြည်၏ ရာဇဝင်ကြောင်းကို ဆက်စပ်ကြည့်ခြင်းဖြင့် အမှတ် ၃၁ ကုန်းနှင့် ပတ်သက်သော သဲလွန်စများကို ရှာဖွေသည်။

ပျူလူမျိုးတို့၏ အရိုးအိုးဓလေ့သည် ကျောက်ခေတ်နှောင်းကာလနှင့် ကြေးခေတ်ကာလများတွင် သေသူနှင့်အတူအိုးများကို မြှုပ်နှံလေ့ရှိသော အလေ့နှင့် ဆက်နွယ်နေသည်။ အိုးအင် ခွက်ယောက်တို့သည် ဒုဂ္ဂလာအလေ့များတွင် အရေးပါလှသည်။ မြန်မာပြည် အရပ်ရပ်တွင် ကြေးခေတ်ကာလ ကာလကတည်းက သေဆုံးသူများကို အိုးများနှင့် အတူ မြှုပ်နှံသော အလေ့ရှိခဲ့သည်။ ပျူယဉ်ကျေးမှု ထွန်းကားချိန် သံခေတ်ကာလများတွင်လည်း အရိုးပြာတို့ကို အိုးများအတွင်းထည့်သွင်းမြှုပ်နှံသော အရိုးအိုး အလေ့ပေါ်ပေါက်ခဲ့သည်။ပျူမြို့ဟောင်းများတွင် အရိုးအိုး မြှုပ်နှံသောအလေ့ သို့မဟုတ် အရိုးတောင်တင်သော အလေ့ကို ထင်ထင်ရှားရှားတွေ့ရသည်။

သရေခေတ္တရာသည် ပျူလူမျိုးတို့၏ စာပေယဉ်ကျေးမှု အထွန်းကားဆုံးဒေသ ဖြစ်သည်။ ဗုဒ္ဓသာသနာကို အကြောင်းပြု၍ ပိဋကတ်စာပေ ကောက်နုတ်ချက်များ ရေးသားခဲ့ကြောင်း တွေ့ရသည်။ ရွှေပေစာ၊ ကျောက်စာ၊ အုတ်ခွက်စာ၊ အရိုးအိုးစာ၊ ပလ္လင်စာတို့တွင် ရေးသား မှတ်တမ်းတင်သော အထောက်အထားများကို တွေ့ရသည်။ အရိုးအိုးစာတို့တွင် သေဆုံးသူတို့၏ မှတ်တမ်းများကို သာမက အလှူမှတ်တမ်းများ ကိုပင် ရေးသားသော ယဉ်ကျေးမှု ထွန်းကားခဲ့သည်။

ဘုရားထောင် အရိုးအိုးစာများသည် ဝိကြမမင်း ခုနစ်ပါးအကြောင်း နှင့် အလှူပြုခြင်းအကြောင်းကို ရေးသားထားသောမှတ်တမ်းဖြစ်သည်။ ဒေဝမိတြ၊ ဟရိဝိကြမ၊ သီဟဝိကြမ၊သူရိယဝိကြမ၊ ပြ ိထူဝိကြမ၊ ဇတြနန၊ ဓမ္မဒိတျဝိကြမ မင်းတို့ကို ရည်ညွှန်းသောစကားများနှင့် ဓမ္မဒိတျဝိကြမမင်း၏ အလှူပြုပုံကို ဖော်ပြထားသည်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနှင့် နတ်ဒေဝါတို့အား ရှိခိုးခြင်း၊ ကွယ်လွန်သွားပြီ ဖြစ်သော မင်းတို့အား ရှိခိုးပူဇော်ခြင်း အကြောင်းများ ပါဝင်သည်။ စေတီပုထိုးတည်ခြင်း၊ တရားကျင့်ကြံခြင်း၊ နိဗ္ဗာန်ကို ရည်စူး၍ အလှူပြုခြင်းတို့ကို မှတ်တမ်းတင်သည်။ အလှူပစ္စည်းများ၊ ပမာဏပြသင်္ချာ စကားများ၊ အရေအတွက်ပြ ကိန်းဂဏန်းတို့အား တွေ့ရသည်။

ဝါကျအဆုံးတွင် အလှူ ပြီးမြောက် အောင်မြင်ကြောင်းနှင့် သာဓုခေါ်ခြင်းဖြင့် အဆုံးသတ်ထားသည်။ သရေခေတ္တရာတွင်တွေ့ရသော အလှူမှတ်တမ်းများတွင် သာဓုခေါ်ခြင်းဖြင့် အဆုံးသတ်သည်ကို ဤအရိုးအိုးစာတစ်ခုတည်းတွင် တွေ့ရသေးသည်။ ထိုသို့အဆုံးသတ်ပုံမျိုးကိုပုဂံရှေးဆံတော်ဘုရားပျူစာတွင်သာတွေ့ရသည်။

ဘုရားထောင်အရိုးအိုး မှ ပျူစကားလုံး အချို့တို့သည် ပုဂံ ရာဇကုမာရ် ပျူကျောက်စာ၊ ပါဠိကျောက်စာတို့မှ စကားလုံးတို့နှင့် တူညီသည်။ ထို့ပြင် ပါဠိ၊ သက္ကတ နှင့် ပျူ စကားလုံး တို့ကို ဗျည်းဆင့်ပုံမှာ ထူးခြားသည်။ ဘုရားထောင် အရိုးအိုးစာသည် အေဒီ ၇ - ၈ ရာစု အတွင်းထွန်းကားခဲ့သော ပျူစာပေကို ကိုယ်စားပြုသည်။

သရေခေတ္တရာတွင် အရိုးအိုးများကို ဘုရားစေတီတို့၏ ပုရပ္ပုက်တွင် မြှုပ်နှံလေ့ရှိသည်ကိုသာ တွေ့ရှိခဲ့သည်။ ဘုရားထောင်အရိုးအိုးသည် ဘုရား၏ ဌာပနာပစ္စည်းအဖြစ် တွေ့ရှိရသောကြောင့် ပျူတို့၏ အရိုးအိုးမြှုပ်နှံမှုဓလေ့ တိုးတက်ပြောင်းလဲလာပုံကို ဖော်ပြသည့် သာဓကဖြစ်သည်။ ထို့ပြင် အရိုးအိုးတွေ့ရှိသည့် စေတီသည်လည်း သရေခေတ္တရာ နှင့် ပုဂံ အကူးအပြောင်းကာလ စေတီဖြစ် ပေါ်ပြောင်းလဲမှု သမိုင်းစဉ်ကိုလည်း ဆက်စပ်ပေးသည်။သရေခေတ္တရာတွင် မင်းပြု အုပ်စိုးသွားခဲ့သော ဝိကြမမင်းတို့၏ မှတ်တမ်းဖြစ်သော ဤဘုရားထောင် အရိုးအိုးစာများသည် ပျူစာပေ၊ ယဉ်ကျေးမှု၊ သမိုင်းမှတ်တမ်းများအဖြစ် တန်ဖိုးကြီးလှသည့် စာပေအထောက်အထားများ ဖြစ်ပါသည်။